# People's Defence Force (Kalay)

---

အမှတ် (၈/၂၀၂၂)

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ဖေဖော်ဝါရီလ ၇ ရက်၊ ၂၀၂၂ ခုနှစ်

ကလေးမြို့နယ်တောင်ပိုင်း ရန်ကြီးအောင်ရွာဘက်မှ ကလေးမြို့ဘက်သို့ ဦးတည်မောင်းနှင်လာသော ကား ၈ စီးပါဝင်သည့် အကြမ်းဖက်စစ်ကောင်စီယာဉ်တန်းကို အောင်ချမ်းသာရွာနှင့် ချောင်းခွရွာအကြားတွင် PDF (Kalay) ၊ CNDF ၊ CDF (KKG) ၊ RKDF နှင့် ပ.က.ဖ ပူးပေါင်းတပ်ဖွဲ့များက နံနက် ၁၀ နာရီ ခွဲအချိန်ခန့်တွင် မိုင်းဆွဲတိုက်ခိုက်ပြီး တပြိုင်နက်တည်း လက်နက်ငယ်များဖြင့် တရစပ်ပစ်ခတ်ကာ တိုက်ပွဲပြင်းထန်ခဲ့ပါသည်။ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်သား ၉ ဦးခန့်သေဆုံးပြီး ပူးပေါင်းတပ်ဖွဲ့များဘက်မှ CNDF ရဲဘော် ၁ ဦး လက်နက်ကြီးထိမှန်၍ ကျဆုံးခဲ့ပြီး ပူးပေါင်းတပ်ဖွဲ့ဝင်ရဲဘော် စုစုပေါင်း ၅ ဦး လက်နက်ကြီးထိမှန် ဒဏ်ရာရရှိခဲ့ပါသည် (အားလုံးမစိုးရိမ်ရပါ)။

ဆက်လက်၍ ကလေးမြို့ဘက်သို့ တဖြည်းဖြည်းရွေ့လျားလာသော အကြမ်းဖက်စစ်ကောင်စီယာဉ်တန်းကို PDF (Kalay) တပ်ဖွဲ့ဝင်များက မွန်းလွဲ ၂ နာရီခွဲအချိန်ခန့်တွင် နတ်မြောင်းရွာနှင့် စည်သာရွာအကြား၌ ၂ ကြိမ်၊ ညနေ ၅ နာရီခန့်တွင် စည်သာရွာနှင့် ကြာအင်းရွာအကြား၌ ၁ ကြိမ် အသင့်တပ်ဆင်ထားသော မိုင်းများဖြင့် ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီကား ၁ စီး ထိမှန်ပျက်စီးသွားပြီး အကြမ်းဖက်စစ်ကောင်စီတပ်သား စုစုပေါင်း ၈ ဦးခန့် မိုင်းထိမှန်သေဆုံးကြောင်းသိရသည်။ မိုင်းထိမှန်ပျက်စီးသွားသော ကား ၁ စီးကိုလည်း စည်သာရွာအနီးတွင် ပစ်ထားခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီယာဉ်တန်းသည် ကြာအင်းရွာမှတဆင့် ထောက်ကြန့်ရွာသို့ရောက်ရှိပြီး ညနေ ၇ နာရီအချိန်ထိ ထောက်ကြန့်ရွာမှ ရှေ့ဆက်မတက်နိုင်သေးကြောင်း သိရပါသည်။

ယနေ့တိုက်ပွဲနှင့် မိုင်းဆွဲတိုက်ခိုက်မှု ၄ ကြိမ်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်သား စုစုပေါင်း ၁၇ ဦးခန့် သေဆုံးပြီး ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်ဖွဲ့များဘက်မှ ရဲဘော် ၁ ဦး နိုင်ငံတော်သစ်အတွက် အသက်ပေးဆပ်စွန့်လွှတ်ခဲ့ရပါသည်။